“အသံ”

# တရုတ်နိုင်ငံဆင်းရဲနွမ်းပါးလျှော့ချရေးလုပ်ငန်းသည် ‘‘လမ်းမှန်ပေါ်တွင်ဆက်လက်ဆောင်ရွက်’’နေ

ယခုနှစ်တွင်ကျင်းပသော (၁၃)ကြိမ်မြောက် တရုတ်ပြည်သူ့နိုင်ငံရေးဆွေးနွေးညှိနှိုင်းမှုညီလာခံ အမျိုးသားကော်မတီ ပထမအကြိမ်အစည်းအဝေးနှင့် (၁၃)ကြိမ်မြောက်ပြည်လုံးဆိုင်ရာ ပြည်သူ့ကွန်ဂရက်တွင် ဆင်းရဲနွမ်းပါးမှုလျှော့ချခြင်းစီမံကိန်းသည် အထူးအာရုံစူးစိုက်ခြင်းခံရသော အကြောင်းအရာတစ်ရပ်ဖြစ်သည်။ တရုတ်နိုင်ငံသည် (၂၀၂၀)ခုနှစ်တွင် ဆင်းရဲနွမ်းပါးသောလယ်သမားလူဦးရေကို လုံးဝလျှော့ချခြင်းဖြင့် ဆင်းရဲနွမ်းပါးခြင်းမှ လွတ်မြောက်ခြင်းရည်မှန်းချက်ကို အကောင်အထည်ဖော်ရန် တင်ပြထားသည်။ ဆင်းရဲနွမ်းပါးလျှော့ချခြင်းသည် အလွန်ခက်ခဲလေးလံသော လုပ်ဆောင်ချက်ဖြစ်သော်လည်း တရုတ် အစိုးရ၏ရည်မှန်းချက်များမှာ လက်တွေ့ကျပြီး တရုတ်နိုင်ငံ၏ဆင်းရဲနွမ်းပါးလျှော့ချရေးစီမံကိန်းမှာ “လမ်းမှန်ပေါ်တွင် ဆက်လက်ဆောင်ရွက်” နေကြောင်း နိုင်ငံတကာမှ ယုံကြည်ထားကြသည်။ အဆိုပါစီမံကိန်းလည်း အခြားသောနိုင်ငံများကို ဆင်းရဲနွမ်းပါးလျှော့ချခြင်းလုပ်ဆောင်ချက်များကို ဆောင်ရွက်နိုင်ရန် တိုက်တွန်းပေးသည်။

《အိန္ဒိယသတင်းစာ》တွင် ရေးသားထားသည်မှာ တရုတ်အစိုးရသည် ပြည်သူကို အလေးထားကာစီမံအုပ်ချုပ်သည်။ ထိုကဲ့သို့ဆောင်ရွက်ခြင်းမှလည်း ထူးချွန်သောရလဒ်များရရှိထားပြီး ထောင်ပေါင်းများစွာသော တရုတ်နိုင်ငံသားများကို ဆင်းရဲဒုက္ခရောက်ခြင်းမှ လွတ်ကင်းစေကာအခြားသောနိုင်ငံများမှာ အဆိုပါအတွေ့အကြုံတူများ ရှိခဲ့သော်လည်း ထိုကဲ့သို့မလုပ်ဆောင်နိုင်ခဲ့ပေ။

တရုတ်နိုင်ငံ ဘက်ပေါင်းစုံတွင် နက်ရှိုင်းစွာပြုပြင်ပြောင်းလဲခြင်းများပြုလုပ်သည်နှင့်အမျှ ဆင်းရဲသားဦးရေလျှော့ချခြင်းသည် တရုတ်နိုင်ငံပြည်သူလူထုစားဝတ်နေရေးတိုးတက်စေရန် အရေးပါသော အချက်ဖြစ်သည်။ ထိုနည်းတူစွာတရုတ်နိုင်ငံ၏အတွေ့အကြုံများသည် ကမ္ဘာလုံးဆိုင်ရာအရေးပါမှုရှိပြီး နိုင်ငံအတော်များများမှ တရုတ်နိုင်ငံ၏အတွေ့အကြုံများကို အတုယူခြင်း၊ သုတေသနပြုလုပ်ခြင်းများ ဆောင်ရွက်နေသည်ဟု အီဂျစ်နိုင်ငံအမျိုးသားတိုးတက်ရေးပါတီ ပြောရေးဆိုခွင့်ရှိသူ နာပီလပ် ကျာကျိုကပြောကြားသွားသည်။

တရုတ်နိုင်ငံဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်း၏ဖွံ့ဖြိုးတိုးတက်မှုတွင် အားသာချက်နှစ်ခုရှိသည်။ စီးပွားရေးအရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်သောကြောင့်၊ ဆင်းရဲနွမ်းပါးမှုလျှော့ချခြင်းအား ငွေရေးကြေးရေးထောက်ပံ့မှုကိုရရှိခြင်း၊ အုပ်ချုပ်ရေးစနစ်တည်ငြိမ်ကာ နိုင်ငံတော်မှ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး စီမံချက်နှင့်ဥပဒေများ ဆက်လက်ရေးဆွဲနိုင်ခြင်းဖြစ်သည်။ တရုတ်နိုင်ငံဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်း၏ အောင်မြင်မှုမှာ အခြားသောနိုင်ငံများအတွက် စံနမူနာဖြစ်သည်ဟု အင်္ဂလန်နိုင်ငံပင်လယ်ရပ်ခြား ဖွံ့ဖြိုးတိုးတက်ရေးအင်စတီကျုသုတေသနပညာရှင် စူးမုရာချာတောဖာရဲက ပြောကြားသွားပါသည်။

တရုတ်နိုင်ငံ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်း အောင်မြင်မှုများရရှိခြင်းမှ “ပြည်သူလူထုကို အလေးထားသော” နိုင်ငံတော်အုပ်ချုပ်ရေး အတွေးအခေါ်ကိုဖော်ပြနိုင်သည်။ ယခုလက်ရှိအခြေအနေဖြင့်(၂၀၂၀)ခုနှစ်တွင် တရုတ်နိုင်ငံသည် ဆင်းရဲနွမ်းပါးမှုပြဿနာများ ဖြေရှင်းနိုင်လိမ့်မည်။ တရုတ်နိုင်ငံ၏ တိကျသော ဆင်းရဲနွမ်းပါးမှုလျှော့ချခြင်း စီမံကိန်းမှရရှိထားသော အောင်မြင်မှုရလဒ်ကို ထိုင်းနိုင်ငံမှ အတုယူသင့်သည်ဟု ထိုင်းနိုင်ငံနိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အုပ်ချုပ်ရေးအင်စတီကျု အပြည်ပြည်ဆိုင်ရာရေးရာများ သုတေသနပညာရှင်လီရင်လျှန်က ပြောကြားသွားပါသည်။

(ဆင်ဟွာသတင်းဌာန)

“စီးပွားရေး”

# ယူနန်စီးပွားရေးလုပ်ငန်း ‘‘ဂီယာပြောင်းခြင်း’’ဖြင့် စီးပွားရေး တိုးတက်မှုအမြန်နှုန်းနှင့် အရည်အသွေးမြှင့်တင်ခြင်း



ကုမ္ပဏီကိုရှန်ကျန်းမြို့မှ အမိဇာတိသို့ပြောင်းရွှေ့ရန် ဆုံးဖြတ်ခဲ့သော်လည်း ယူနန်ပြည်နယ် ဝန်ရှမ်ခရိုင်ရန်ရှမ်ကော်တီမှဖိတ်ခေါ်ခြင်းခံခဲ့ရပြီး လုပ်ငန်းကိုနောက်ဆုံးတွင် ရန်ရှမ်တွင် အခြေချခဲ့သည်။ ထိုကဲ့သို့ဖြစ်လာသည်ကို ချုံကင်းလူဝမ်ကျင့်ကျွင်းကိုယ်၌ မထင်မှတ်မိခဲ့ပေ။

ထိုနောက်တွင် ဖြစ်ပွားခဲ့သောကိစ္စများကြောင့် ဝမ်ကျင့်ကျွင်းသည် လုပ်ငန်းကိုရန်ရှမ်တွင် အခြေချခဲ့သောဆုံးဖြတ်ချက်မှာ အလွန်မှန်ကန်ကြောင်း ခံစားမိသည်။ ညှိနှိုင်းချိန်မှ စက်ရုံဖွင့်ချိန်အထိ နှစ်လသာ အချိန်ကြာခဲ့ပြီး ကုမ္ပဏီ၏ပထမဆုံးအသုတ်ထွက်ကုန်ဖြစ်သော “ကားပေါ်သုံး 4G အဆင့်မြင့်screenကြီး လမ်းညွှန်စက်” (၁၅၀၀)လုံးသည် လျင်မြန်စွာ ကမ္ဘာအနှံ့တွင် တင်သွင်းပြီဖြစ်သည်။ ထို့အပြင် supporting ပေးသော ကုမ္ပဏီ(၁၈)ခုလည်း အလိုအလျောက်ရန်ရှမ်တွင် အခြေချထားပြီဖြစ်သည်။

သမရိုးကျသောလယ်ယာစိုက်ပျိုးရေးခရိုင်မှ ဆန်းသစ်သော စက်မှုလုပ်ငန်းခရိုင်သို့ပြောင်းလဲသွားပြီး မေထိုက်ကလေးကစားစရာ၊ Foxconn နည်းပညာ၊ Zhongheng နည်းပညာ၊ Jinding အဝတ်အထည်စသော လုပ်ငန်း(၅၈)ခု ရှယ်ယာပါဝင်ပြီး ယခုနှစ်ပိုင်းအတွင်း ကြီးမားသောပြောင်းလဲမှုများရရှိခဲ့သည်။

“‘ခြင်းထဲထည့်လျှင် အသီးအရွက်ဖြစ်သည်’ ကို ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းကွင်းဆက်ဖြင့်အစားထိုးခြင်းသည်လုပ်ငန်းတည်ဆောက်ပုံကို အလယ်အလတ်အဆင့်မှ အလယ်အထက်တန်းအဆင့်သို့ ပြောင်းလဲခြင်းဖြစ်သည်။”ဟု ရန်ရှမ်ခရိုင်ပါတီအတွင်းရေးမှူးလီဟုန်က ပြောကြားသွားပါသည်။

“ခုန်ပျံကျော်လွှားနိုင်သော ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းကို ရှာဖွေခြင်း” ဟူသော ရည်မှန်းချက်အရ ယခုနှစ်ပိုင်းနယ်စပ်တွင်တည်ရှိသော ယူနန်ပြည်နယ်မှာ လုပ်ငန်းတည်ဆောက်ပုံမြှင့်တင်ခြင်း၊ စွမ်းအင်သစ်မော်တော်ယာဉ်စသော နယ်ပယ်အသီးသီးတွင် ထိုးဖောက်မှုရရှိရန်ဆောင်ရွက်နေကြပါသည်။

ယခင်တွင်ယူနန်ဆေးရွက်ကြီးစက်မှုလုပ်ငန်း၊ ကုန်ကြမ်းစက်မှုလုပ်ငန်း၊ စွမ်းအင်ဝန်ကြီးဌာန စက်မှုလုပ်ငန်းစသော လုပ်ငန်းများသာ အများအပြားရှိသည်။ ခေတ်မီနည်းပညာဖြင့် ထုတ်လုပ်ရေးလုပ်ငန်း၊ စသောဆန်းသစ်သောပုံစံများမှာ အလားအလာကောင်းသော်လည်း အရေအတွက်နည်းပါးနေသည်။ လုပ်ငန်းအကြီးစားတိုးချဲ့ခြင်းနှင့်ပုံစံပြောင်းလဲခြင်းစသော“ ထပ်ဆင့်ဖိအား”အောက်တွင် ယူနန်ပြည်နယ်သည်ပြောင်းလဲခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်မှုများပြုလုပ်ရန် တွန်းတင်ဆောင်ရွက်နေသည်။

လွန်ခဲ့သော(၅)နှစ်တွင် ယူနန်ပြည်နယ်မှ သံမဏိထုတ်လုပ်မှုစွမ်းရည်မှာ သိန်း(၁၅. ၆)တန်၊ ရေနံစိမ်းသံမဏိထုတ်လုပ်မှုစွမ်းရည်မှာ သိန်း(၄၂. ၆)တန်၊ “Substandard steel” ထုတ်လုပ်မှုစွမ်းရည်မှာ သိန်း(၆၀)တန်၊ ကျောက်မီးသွေးထုတ်လုပ်မှုစွမ်းရည်မှာ သိန်း(၃၈၇. ၆)တန်၊ “လည်ပတ်မှုမရှိသောလုပ်ငန်း” (၁၁၈)ခုကို ရှင်းလင်းခဲ့သည်။ ထိုနည်းတူစွာ ရိုးရာလုပ်ငန်းများကို ပြောင်းလဲခြင်းဖြင့် မြှင့်တင်ကာ ဆန်းသစ်တီထွင်မှုများဖြင့် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်မည်ဖြစ်သည်။

မျက်နှာမှတ်သားနိုင်ခြင်း၊ လွယ်ကူစွာ Chating စကားပြောနိုင်ခြင်း-- လွန်ခဲ့သော(၁၀)လတွင် ကမ္ဘာ့ရှေ့မှ ဦးဆောင်သော Intelligent humanoid robot သည် ကူမင်းမြို့တွင် စတင်ဝင်ရောက်ခဲ့ပြီး အဆိုပါစက်ရုပ်နှင့်ကားပေါ်တပ်ဆင်သော အီလက်ထရောနစ်လမ်းညွှန်၊ 3D printer စက်၊ Video surveillance system စသော လျှပ်စစ်ပစ္စည်းများနှင့်အတူ ယူနန်ထုတ်လုပ်ရေးလုပ်ငန်း၏ ထိုးဖောက်မှုအသစ်များ အကောင်အထည်ဖော်ရန် ဆောင်ရွက်နေသည်။

ထိုအတွင်းမှ ရှမိန်ရီချင်အဖွဲ့အစည်းဟုန်ဟောအတွင်းသို့ရှယ်ယာဝင်ပြီးနောက် (၂၀၁၆) ခုနှစ်ဇူလိုင်လမှ ယနေ့တိုင်ထုတ်လုပ်သောLCD၊ လက်ကိုင်ဖုန်း၊ လက်တော့ပ်၊ Touch cover စသော စီမံကိန်းများသည် တဖြည်းဖြည်းရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအဖြစ်အသွင်ပြောင်းပြီး အဆိုပါထုတ်ကုန်များသည် အရှေ့အလယ်ပိုင်း၊ အာဖရိကတိုက်၊ တောင်အမေရိကတိုက်၊ အရှေ့တောင်အာရှ၊ တောင်အာရှများသို့ တင်သွင်းရောင်းချနေပါသည်။

(ဆင်းဟွာသတင်းစာ)
ဂျီကျယ်ဟုန်

